**မိမိဦးခေါင်းပေါ်မှ ငှက်များပျံသန်းနေခြင်းကို မတားဆီးနိုင်သော်လည်း သင်၏ ဦးခေါင်းပေါ် ၎င်းတို့၏အသိုက် မပြုနိုင်အောင် သင်ပြုလုပ်နိုင်သည်။**

ဘုရားသခင်အား နာခံခြင်းမရှိအောင် ကျွန်ုပ်တို့အား သွေးဆောင် ဖြားယောင်းဖို့ စာတန်သည် အစဉ်တစိုက် လုပ်ဆောင်လျက် ရှိနေရာ မည်သူမှ သွေးဆောင်ဖြားယောင်းခြင်း ရောက်ရှိမလာနိုင်အောင် မတတ်နိုင်ကြသော်လည်း သွေးဆောင် ဖြားယောင်းခြင်းကို မိမိတို့ အနေနှင့် အညံ့ခံ အလျှော့ပေးစရာမလိုပါ။ အမှန်နှင့်အမှားကြား အကောင်းနှင့်အဆိုးကြား ကွာခြားချက်များကို သိရှိနားလည်ရန်အတွက် ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏ဝိညာဉ်တော်အားဖြင့် လုံလောက်သော အသိတရားကို ပေးထားပြီးနောက်မှ သူက မိမိတို့အား ရွေးချယ်စေသည်။ စာတန်သည် မိမိတို့အား လုပ်နိုင်သည့် အရာတစ်ခုက ထိုအရာပင်ဖြစ်သည်။ မိမိတို့တွင် ကိုယ်ပိုင်ဆန္ဒ ရှိကြသည်ဖြစ်ရာ မိမိတို့အနေနှင့် စာတန်ကို လျစ်လျူရှုလျက် သူ၏သွေးဆောင်မှုများကို တွန်းလှန်ပစ်ရန် ရွေးချယ်ခြင်းပြုနိုင်သည်။“ဘုရားသခင်၏ အလိုတော်သို့လိုက်ကြလော့။ မာရ်နတ်ကို ဆီးတားကြလော့။ သို့ပြုလျှင် သူသည် သင်တို့ထံက ပြေးသွားလိမ့်မည်။” (ယာကုပ် ၄း၇)

သင်က စာတန်ကို အလျှော့မပေးမချင်း သူ့အနေနှင့်သင့်ကိုအနိုင်ရရန် မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် “သင်တို့ဘက်၌ရှိသောသူ(ယေရှု)သည် လောကဘက်၌ရှိသောသူ(စာတန်)ထက် သာ၍ကြီးမြတ်တော်မူ၏” (၁ယော ၄း၄) စာတန်အနိုင်ရရှိနိုင်သည့် တစ်ခုတည်းသောလမ်းက သင်ရပ်ဆိုင်းလိုက်သောအခါ အရှုံးပေး အလျှော့ပေးလိုက်သည့်အခါ လက်မြှောက်အညံ့ခံလိုက်သည့်အခါ သို့မဟုတ် တိုက်ခိုက်ခြင်းကိုရပ်ပစ်လိုက်သည့်အခါမျိုးတွင် ဖြစ်သည်။ သင်တိုက်ခိုက်နေသမျှ ကာလပတ်လုံး ဆက်လက်အနိုင်ရနေမည်ဖြစ်ရာ စာတန်ကသင့်ကိုဆွဲချပြီး စိတ်ပျက်စေရန် သွေးဆောင်သည့်အခါ ပြန်လည်တိုက်ခိုက်ပါ။ စာတန်၏တိုက်ခိုက်မှုများကို ကြံ့ကြံ့ခံနိုင်ရန်အလို့ငှါ ဘုရားသခင်၏ ချပ်ဝတ်တန်ဆာကို ယူတင်ဝတ်ဆောင်ပါ။ (ဖေက် ၆း၁၀–၁၇) စာတန်ကို လက်မြှောက်အရှုံးပေးရန် မဆိုထားနှင့် သူ့ကိုနားထောင်ခြင်းကိုပင် မပြုပါနှင့်။